# ၁၉၆၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေ သုံးစွဲရေး ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၅။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ကချင်ပြည်နယ် ဦးစီးအဖွဲ့ဥက္ကဋ္ဌ သည်၊ ကချင်ပြည်နယ်၏ အခွန်တော်များမှ ကျပ်ငွေ ၃၀,၀၀,၀၀၀ (ဤဥပဒေ၏ဇယားတွင်ဖော်ပြထားသည်) ကိုထုတ်၍ ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ် ဆိုင်ရာအသုံးစရိတ်များနှင့်ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၂ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၃) အရ၊ ခွင့်ပြုထားသည့်ဘဏ္ဍာ တော်ငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

## ဇယား။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ် |
| ဆီးပွါးရေးလုပ်ငန်းများတွင် ပြည်နယ်၏ အကျိုးတူရင်းနှီး မြှုပ်နှံငွေ .... .... | ၃၀,၀၀,၀၀၀ |